**မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ် (Mekong-Republic of Korea Cooperation Fund-MKCF) ဖြင့် အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ-၂၀၂၂ (National Indicator Framework-NIF Status Report-2022) ထုတ်ပြန်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ် ကျင်းပ**

ဗဟိုစာရင်းအင်းအဖွဲ့မှ ကြီးမှူး၍ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ် (Mekong-Republic of Korea Cooperation Fund-MKCF) ဖြင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်မှုစီမံချက် (Capacity Building Project on Development of Statistics) အရ အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ-၂၀၂၂ (National Indicator Framework-NIF Status Report-2022) ထုတ်ပြန်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို **၂၀-၁၂-၂၀၂၁ ရက်နေ့မှ ၅-၁-၂၀၂၂ ရက်နေ့ထိ** ပထမအကြိမ်၊ ၁၇-၃-၂၀၂၂ ရက်နေ့မှ ၃၀-၃-၂၀၂၂ ရက်နေ့ထိ ဒုတိယအကြိမ် ကျင်းပခဲ့ပါသည်။

အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ-၂၀၂၂ ထုတ်ပြန်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

- စာရင်းအင်းအချက်အလက်များ Update ပြုလုပ်ရန်
- Metadata တွက်ချက်မှုများ အတည်ပြုစစ်ဆေးရန်
- ရရှိပြီးသော ညွှန်ကိန်းများကို ပြန်လည်စိစစ်ရန်
- မရရှိသေးသော ညွှန်ကိန်းများအတွက် စာရင်းအင်းအချက်အလက်များ တောင်းခံရန်

**ဆွေးနွေးချက်များ**

ဆွေးနွေးပွဲတွင် National Consultant ဒေါက်တာခင်မောင်ညွန့်နှင့် ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းအဖွဲ့ (၁၂) တို့သည် NIF ညွှန်ကိန်းများ၏ အချက်အလက်များ update ပြုလုပ်နိုင်ရေး၊ သက်ဆိုင်ရာ စာရင်းအင်းဌာနများမှ ပေးပို့ထားသော Metadata Template တွင် (၄) နှစ်စာ စာရင်းအင်းအချက်အလက် ထည့်သွင်းထားမှုများ၊ ဖော်ပြထားသော တွက်ချက်မှုပုံစံများ မှန်ကန်မှုရှိ-မရှိ၊ အချက်အလက်မရရှိသေးသော ညွှန်ကိန်းများအား ပံ့ပိုးပေးနိုင်ခြင်းရှိ-မရှိ တို့ကို လုပ်ငန်းအဖွဲ့အလိုက် သက်ဆိုင်ရာစာရင်းအင်းဌာနများနှင့် အဓိကဆွေးနွေးခဲ့ပါသည်။

အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ အစီအစဉ်

| စဉ် | လုပ်ငန်းအဖွဲ့အမည် | ကျင်းပသည့် နေ့ရက် | တက်ရောက်သည့်ဌာန/အဖွဲ့ အစည်း အရေအတွက် | တက်ရောက်သည့် လူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ပထမအကြိမ် (၂၀-၁၂-၂၀၂၁ မှ ၅-၁-၂၀၂၂) | | | | |
| ၁။ | Social, Education, Labor Task Team | ၂၀-၁၂-၂၀၂၁ | ၁၈ | ၅၄ |
| ၂။ | Peace, Rule of Law, Governance Task Team | ၂၁-၃-၂၀၂၁ | ၁၆ | ၄၁ |
| ၃။ | Agriculture, Livestock, Immigration Task Team | ၂၂-၁၂-၂၀၂၁ | ၂၄ | ၅၆ |
| ၄။ | Monetary Task Team | ၂၃-၁၂-၂၀၂၁ | ၂၁ | ၆၀ |
| ၅။ | Vital Task Team | ၂၇-၁၂-၂၀၂၁ | ၇ | ၃၀ |
| ၆။ | Disaster Task Team | ၂၈-၁၂-၂၀၂၁ | ၁၆ | ၅၀ |
| ၇။ | Foreign Trade Task Team | ၂၉-၁၂-၂၀၂၁ | ၈ | ၃၇ |
| ၈။ | Industry Task Team | ၃၀-၁၂-၂၀၂၁ | ၁၁ | ၃၉ |
| ၉။ | Transport Task Team | ၃-၁-၂၀၂၂ | ၁၇ | ၅၀ |
| ၁၀။ | Price, Survey, Information Task Team | ၅-၁-၂၀၂၂ | ၅ | ၃၉ |
| စုစုပေါင်း | | | ၇၃ | ၃၄၂ |
| ဒုတိယအကြိမ် (၁၇-၃-၂၀၂၂ မှ ၃၀-၃-၂၀၂၂) | | | | |
| ၁။ | Social Task Team | ၁၇-၃-၂၀၂၂ | ၂၆ | ၄၉ |
| ၂။ | Peace, Rule of Law, Governance Task Team | ၁၈-၃-၂၀၂၂ | ၁၇ | ၃၄ |

| | | | | |
|---|---|---|---|---|
| ၃။ | Monetary Task Team | ၂၁-၃-၂၀၂၂ | ၁၈ | ၄၆ |
| ၄။ | Agriculture Task Team | ၂၂-၁၂-၂၀၂၂ | ၁၈ | ၃၆ |
| ၅။ | Vital Task Team | ၂၃-၁၂-၂၀၂၂ | ၆ | ၂၈ |
| ၆။ | Disaster Task Team | ၂၄-၁၂-၂၀၂၂ | ၁၇ | ၃၄ |
| ၇။ | Foreign Trade Task Team | ၂၅-၃-၂၀၂၂ | ၈ | ၂၂ |
| ၈။ | Industry Task Team | ၂၈-၃-၂၀၂၂ | ၁၀ | ၃၂ |
| ၉။ | Transport Task Team | ၂၉-၃-၂၀၂၂ | ၂၁ | ၄၅ |
| ၁၀။ | Survey, Price, Computer Task Team | ၃၀-၃-၂၀၂၂ | ၇ | ၂၅ |
| စုစုပေါင်း | | | ၆၉ | ၃၅၁ |

ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းဖြင့် အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ-၂၀၂၂ တွင် ထည့်သွင်းဖော်ပြမည့် ညွှန်ကိန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များကို Update ပြုလုပ်၍ စိစစ်အတည်ပြုနိုင်ခြင်း၊ Metadata များ ရေးဆွဲနိုင်ခြင်း၊ NIF ညွှန်ကိန်း ၂၃၃ ခု ဖော်ထုတ်နိုင်ခြင်း၊ NIF ညွှန်ကိန်းများ ဖော်ထုတ်နိုင်ခြင်းကြောင့် အမျိုးသားအဆင့် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်ထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို စောင့်ကြည့်အကဲဖြတ်နိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို တိုင်းတာနိုင်စေရန်အတွက် အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်း၊ သက်ဆိုင်ရာစာရင်းအင်းဌာနများနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှုဖြင့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။